# ရှမ်းပြည်နယ် အခြေအနေ အကျဉ်းချုပ်

၂၀၂၃ ခုနှစ် မတ်လ-ဧပြီလ

## အဓိကအကြောင်းအရာနှင့် သတင်းစကားများ


ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ(EROs)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF) များ အကြား တိုက်ပွဲများ ပြင်းထန်လာသောကြောင့် နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေရသည့် အရပ်သားအရေအတွက် တိုးမြင့်လာပါသည်။ ၂၀၂၃ ခုနှစ် မတ်လနှင့် ဧပြီလ အတွင်း ထိခိုက် သေဆုံးသည့် အရပ်သား ၄၂ ဦး၊ ထိခိုက်ဒဏ်ရာရသည့် အရပ်သား ၃၆ ဦးရှိသည်။ ဒဏ်ရာရသူများ အနက် ၎င်းတို့ ၃၁ ဦးမှာ အမျိုးသားများဖြစ်ပြီး ၅ ဦးမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ထိခိုက် သေဆုံး ဒဏ်ရာရသူများ အားလုံးသည် ရှမ်းပြည်နယ် အတွင်း တိုက်ပွဲများ၊ ဗုံးပေါက်ကွဲမှုများ၊ မြေမြှုပ်မိုင်းများနှင့် ပစ်ခတ်မှုများကြောင့် သေဆုံးဒဏ်ရာရသူများ ဖြစ်ပါသည်။ ထို့အပြင် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်များက အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ တရားမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ရမ်းသမ်းပစ်ခတ်ခြင်း စသည့် အရပ်သားများအား ပစ်မှတ်ထား ကျူးလွန်သည့် သတင်းများလည်း ရရှိထားပါသည်။

### ရှမ်းပြည်နယ် မြောက်ပိုင်း

- နောင်ချိုမြို့နယ်တွင် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် နှင့် PDF အဖွဲ့တဖွဲ့ တိုက်ပွဲဖြစ်ပွားသောကြောင့် အရပ်သား တဦး သေဆုံးပြီး ၃၀၀၀ ထက်မနည်း ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။
- မြေမြှုပ်မိုင်းကြောင့် ကျောက်မဲမြို့နယ်တွင် နှစ်ဦးနှင့် နောင်ချိုမြို့နယ်တွင် တဦး ဒဏ်ရာရခဲ့ကြပါသည်။
- လားရှိုးမြို့နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် လူ ၆ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရခဲ့ပါသည်။
- မူစယ်မြို့နယ်တွင် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်ဝင်များက သေနတ်ဖြင့် ရမ်းသမ်းပစ်ခတ်သောကြောင့် လူ ၂ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

### ရှမ်းပြည်နယ် တောင်ပိုင်း

- RCSS နှင့် SSPP တပ်ဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ခြင်း၊ ပစ်ခတ်ခြင်းတို့ကြောင့် လဲချားမြို့နယ် အတွင်း၌ အရပ်သား ၅၀၀ ထက်မနည်း ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။
- မောက်မယ်မြို့နယ်တွင် မြေမြှုပ်မိုင်းကြောင့် အရပ်သား ၃ ဦး ဒဏ်ရာရှိခဲ့ပါသည်။
- ရွာငံမြို့နယ်တွင် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်ဝင်များက အရပ်သား နေအိမ် ၂ လုံးကို မီးရှို့ ဖျက်ဆီးခဲ့ပါသည်။
- မိုးဗြဲဒေသတွင် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်ဝင်များက ရမ်းသမ်းပစ်ခတ်သောကြောင့် အရပ်သား ၂ ဦး ဒဏ်ရာရှိခဲ့ပါသည်။
- ဗုံးပေါက်ကွဲမှုများ၊ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုများကြောင့် ဖယ်ခုံမြို့နယ်အတွင်း အရပ်သား ၃ ဦး ဒဏ်ရာရရှိကာ မိုးဗြဲဒေသတွင် အရပ်သား တဦးသေဆုံးပြီး ၄ ဦး ဒဏ်ရာရရှိခဲ့ပါသည်။




တိုက်ပွဲ - RCSS နှင့် SSPP

တိုက်ပွဲ - ဗမာစစ်တပ် နှင့် PDF

ဗုံးပေါက်ကွဲမှုများ၊ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုများ

မြေမြှုပ်မိုင်း

**၄၈**
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလ အတွင်း ရှမ်းပြည်နယ်တွင် ထိခိုက်သေဆုံးသည့် အရပ်သား အရေအတွက်။

**၄၉**
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ရှမ်းပြည်နယ်တွင်ထိခိုက်ဒဏ်ရာရသည့် အရပ်သားများ အရေအတွက်

**၃၁**
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့် အိမ်တွင်း အကြမ်းဖက်မှု အရေအတွက်။

**၄၄**
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလ အတွင်း ရှမ်းပြည်နယ်တွင် အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်ခံရသည့် အရပ်သား အရေအတွက်။

# အရပ်သားများအား ပစ်မှတ်ထားကျူးလွန်ခြင်း၊ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ တရားမဲ့ ဖမ်းဆီး ချုပ်နှောင်ခြင်း၊ ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခြင်း

## ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်

မတ်လ ၂၇ ရက်နေ့တွင် ခိုမုန်းကျေးရွာသို့ TNLA တပ်ဖွဲ့ဝင်များ ဝင်ရောက်လာပြီး ယောကျ်ားလေး ၈ ဦးအား အရွယ်ရောက် အမျိုးသားများ ဖြစ်သည့် အတွက် စစ်တိုက်ရန် အတွက်ဟု ဆိုကာ အတင်းအကြပ် ဖမ်းဆီးခေါ်ဆောင်သွားပါသည်။[1] ဧပြီလ ၃ ရက်နေ့တွင်လည်း မန်တုံကျေးရွာတွင် တအိမ်ထောင်လျှင် လူတယောက်နှုန်းဖြင့် စစ်မှုထမ်းရမည်ဟု TNLA တပ်ဖွဲ့က ကြေညာခဲ့ပါသည်။[2] အိမ်ထောင်စု တခုတွင် စစ်တိုက်နိုင်သည့် အမျိုးသားများ မရှိပါက အမျိုးသမီးများကို စစ်သားအဖြစ် စုဆောင်းမည်ဟု ဆိုပါသည်။ အိမ်ထောင်စု တခုက သက်ကြီးရွယ်အို အမျိုးသား တဦးသည် ၎င်း၏ ငယ်ရွယ်သည့် သမီး အတင်းအကြပ် ခေါ်ဆောင်သွားခြင်း မခံရစေရန် အတွက် သူကိုယ်တိုင် စစ်မှုထမ်းရန် လိုက်ပါသွားခဲ့ရပါသည်။

## တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်

ဧပြီလ ၃ ရက်နေ့တွင် နမ့်ပန်ကျေးရွာ၌[1]ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်ဝင်များက ၂၆ နှစ်အရွယ် လူငယ်တဦးအား တရားမဲ့ ဖမ်းဆီးခဲ့ပါသည်။ ၎င်းလူငယ်များ ဒေသခံ ပီဒီအက်ဖ်တပ်ဖွဲ့များနှင့် ပတ်သက် ဆက်နွယ် နေသည်ဟု စွပ်စွဲကာ နေအိမ်အတွင်း အတင်းအဓမ္မ ဝင်ရောက် ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါသည်။

## တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်

မတ်လ ၁၁ ရက်နေ့တွင်[1] နမ့်နိမ့်ကျေးရွာ၌ သံဃာသုံးပါး အပါအဝင် စုစုပေါင်း လူ ၂၈ ဦးကို ဗမာစစ်တပ် တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ပါသည်။ ဘုန်းကြီးကျောင်းတွင် ဘေးလွတ်ရာ ခိုလှုံနေကြသည့် အဆိုပါ လူများအား အတင်းအကြပ် ခေါ်ထုတ်ကာ နှိပ်စက်ညှဉ်းပန်းပြီး ပစ်သတ်လိုက်ခြင်း ဖြစ်ပါသည်။ ၎င်းနောက် ဗမာစစ်တပ်က ဒေသအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ အကြား တင်းမာမှု မြင့်တက်လာစေရန် အတွက် ရည်ရွယ်ကာ ကရင်နီ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ကျူးလွန်ခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့ပါသည်။[2] သို့သော် အဆိုပါအမှုကို ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် တပ်သားများ ကျူးလွန်ခဲ့ခြင်းသာ ဖြစ်ကြောင်း ဒေသခံများနှင့် မီဒီယာများက ထုတ်ဖော်အတည်ပြုခဲ့ကြပါသည်။[3]မတ်လ ၁၆ ရက်နေ့ နမ့်နိမ့်ကျေးရွာတွင်[4]ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်ဝင်များက အရပ်သား ၁၀ ဦးကို အတင်းအဓမ္မ ဖမ်းဆီးကာ ဗမာစစ်တပ်များနှင့် ဒေသခံ PDF တပ်ဖွဲ့များ တိုက်ပွဲဖြစ်နေရာသို့ ခေါ်ဆောင်သွားခဲ့ပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ပါသည်။


## တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်

မတ်လ ၁၂ ရက်နေ့ မိုးဗြဲတွင်[1] မြစ်အရှေ့ဘက်ကမ်းရှိ စစ်ဘေးရှောင်စခန်းတခုကို ဗမာစစ်တပ် တပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ပြီး စစ်ဘေးရှောင် သုံးဦးအား အရှင်လတ်လတ် မီးရှို့ခဲ့ပါသည်။ ဧပြီလ ၂၆ ရက်နေ့တွင်လည်း ဆောင်းဖွေးကျေးရွာ အနီးတွင် စစ်ဘေးရှောင်များအား ပစ်မှတ်ခွဲခြားခြင်း မရှိဘဲ တိုက်ခိုက်ခဲ့ပါသေးသည်။[2] ဆောင်းဖွေးဆေးရုံအား ဗမာစစ်တပ်လေတပ်က လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပါသည်။[3] အဆိုပါ ဆေးရုံသည် စစ်ဘေးရှောင်များနှင့် ဒေသခံများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် အဓိကကျန်းမာရေးဌာန ဖြစ်သည်။ ထိုဒေသအတွင်းရှိ အကြီးဆုံး စစ်ဘေးရှောင်စခန်း အနီးတွင် တည်ရှိပါသည်။ အဆိုပါ တိုက်ခိုက်မှုတွင် လူသုံးဦး ဒဏ်ရာရခဲ့ရာ သူနာပြုတဦးလည်း ပါဝင်ပါသည်။

[1] https://burmese.shannews.org/archives/33804 [2] https://burmese.shannews.org/archives/33923
[3]https://burmese.shannews.org/archives/33987 [4] https://burmese.shannews.org/archives/33494
[5]https://www.usip.org/publications/2023/04/misinformation-hate-speech-and-ethno-religious-tensions-myanmar. United States Institute of Peace (USIP). 27 April, 2023.[6]https://shanhumanrights.org/at-least-33-civilians-killed-by-sac-troops-during-military-operations-in-pinlaung-and-pekhon-townships-southern-shan-state/. Shan Human Rights Foundation (SHRF). 23 March, 2023.
[7] https://burmese.shannews.org/archives/33595 [8] https://burmese.shannews.org/archives/33508
[9] https://burmese.shannews.org/archives/34339 [10] https://www.myanmarwitness.org/reports/pekon-hospital-bombing. Myanmar Witness, 2 May, 2023.

# လိင်ပိုင်းဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (SGBV) တိုးမြင့်လာခြင်း

အိမ်တွင်း အကြမ်းဖက်မှု ၇ မှု၊ မုဒိမ်းမှု ၂ မှု၊ သက်ငယ်မုဒိမ်းမှုပြုကျင့်ကာ သတ်ဖြတ်မှု ၁ မှု၊ လိင်ပိုင်းဆိုင်ရာ အကျပ်ကိုင်မှု ၂ မှု နှင့်ရင်းနှီးကြွမ်းဝင်သူချင်းအကြမ်းဖက်မှု ၁ မှု၊ စုစုပေါင်း အမှု ၁၃ မှုရှိကြောင်း စွမ်းအဖွဲ့မှ သတင်းအချက်အလက်ရရှိခဲ့ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုများ အားလုံးသည် ကိုယ်ထိ လက်ရောက် ကျူးလွန်ခြင်းများ ဖြစ်ကြပြီး ကျူးလွန်ခံရသူ၏ အမျိုးသား နှင့် မိသားစုဝင်များက အဓိက ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်။ ယခုလို ကျူးလွန်ခံရခြင်းသည် ၎င်းတို့၏ ပတ်ဝန်းကျင်တွင် ကြုံတွေ့ရလေ့ရှိသည့် ပြဿနာတခု ဖြစ်ကြောင်း ကျူးလွန်ခံရသူများက ဆိုကြပါသည်။ အမှုအများစုအား ဒေသတွင်း ဓလေ့ ထုံးတမ်းစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအရ ဖြေရှင်းခဲ့ကြပါသည်။



# လိင်ပိုင်းဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (SGBV) တိုးမြင့်လာခြင်း

| နေရာဒေသ | အကြမ်းဖက်မှု အမျိုးအစား | အကြမ်းဖက်ခံရသူ | ပစ်မှုကျူးလွန်သူ | ဥပဒေကြောင်း အရေးယူမှု |
|---|---|---|---|---|
| ရပ်စောက်မြို့နယ် | သက်ငယ်မုဒိမ်း နှင့် လူသတ်မှု | အသက် ၁၆ နှစ် မိန်းကလေး | အသက်၆၀-နှစ် အမျိုးသား | တောင်ကြီးတရားရုံး၌ တရားရေးရင်ဆိုင်နေ |
| ကျောက်မဲမြို့နယ် | မုဒိမ်းမှု | အသက် ၃၅-နှစ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ အမျိုးသမီး | မသိ | ကျူးလွန်ခံရသူအမျိုးသမီးမှာ အမျိုးသား (ခင်ပွန်း) မရှိပဲ ကလေးမွေးခြင်းကြောင့် မိသားစုနှင့်အတူ ရွာမှ နှင်ထုတ်ခံရ။ |
| မောက်မိုင်/မောက်မယ်မြို့နယ် | မုဒိမ်းမှု | အသက် ၄၀-နှစ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ အမျိုးသမီး | မသိ | တိုင်ကြားခြင်းမရှိ |
| ကျောက်မဲမြို့နယ် | လိင်ပိုင်းဆိုင်ရာ အကျပ်ကိုင်မှု | အသက်၂၄-နှစ် အမျိုးသမီး | အသက် ၂၅-နှစ် အမျိုးသား / ကျူးလွန်ခံရသူ ချစ်သူရည်းစား | ကျူးလွန်သူထွက်ပြေး |
| ကျောက်မဲမြို့နယ် | လိင်ပိုင်းဆိုင်ရာ အကျပ်ကိုင်မှု | အသက် ၃၀-နှစ် အမျိုးသမီး | အသက် ၅၀-နှစ် ရှိ ဘုန်းကြီးရဟန်း | ပြစ်မှုကျူးလွန်သူမှာရဟန်းတစ်ပါးဖြစ်ပြီး ဒေသခံလက်နက်ကိုင်အဖွဲ့နှင့် ဆွေမျိုးတော်စပ်ခြင်းကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ တိုင်ကြားခဲ့သော်လည်း အရေးယူခြင်း မရှိကြောင်းသိရသည်။ |
| မိုးနဲမြို့နယ် | ရင်းနှီးကြွမ်းဝင်သူချင်း အကြမ်းဖက်မှု။ | အသက် ၁၈-နှစ် အမျိုးသမီး | အသက် ၂၃-နှစ် အမျိုးသား သူငယ်ချင်း | ကျူးလွန်သူမှကျူးလွန်ခံရသူအား ဒဏ်ငွေ မြန်မာကျပ် ငါးသန်း (5,000,000) ပေးဆောင် စေခြင်း။ |
| ကျောက်မဲမြို့နယ် | အိမ်တွင်းအကြမ်းဖက်မှု | အသက် ၃၅-နှစ် အမျိုးသမီး | ကျူးလွန်ခံရသူ ၏ မောင်လေးဖြစ်သူ | တိုင်ကြားခြင်း မရှိ |
| သီပေါမြို့နယ် | အိမ်တွင်းအကြမ်းဖက်မှု | အသက် ၁၅-နှစ် မိန်းကလေး | အသက် ၂၀-နှစ်ရှိ အမျိုးသားခင်ပွန်း | တိုင်ကြားခြင်း မရှိ |
| သီပေါမြို့နယ် | အိမ်တွင်းအကြမ်းဖက်မှု | အသက် ၃၅-နှစ် အမျိုးသမီး | အသက် ၄၀-နှစ်ရှိ အမျိုးသားခင်ပွန်း | တိုင်ကြားခြင်းမရှိ |
| ကျောက်မဲမြို့နယ် | အိမ်တွင်းအကြမ်းဖက်မှု | အသက် ၃၆-နှစ် အမျိုးသမီး | အသက် ၄၂-နှစ်ရှိ အမျိုးသားခင်ပွန်း | တိုင်ကြားခြင်းမရှိ |
| ကျောက်မဲမြို့နယ် | အိမ်တွင်းအကြမ်းဖက်မှု | အမျိုးသမီးတစ်ဦး | အသက် ၅၂-နှစ်ရှိ အမျိုးသားခင်ပွန်း | တိုင်ကြားခြင်းမရှိ |
| သီပေါမြို့နယ် | အိမ်တွင်းအကြမ်းဖက်မှု | အသက် ၄၈-နှစ် အမျိုးသမီး | အသက် ၅၀-နှစ်ရှိ အမျိုးသားခင်ပွန်း | တိုင်ကြားခြင်းမရှိ |
| ကျောက်မဲမြို့နယ် | အိမ်တွင်းအကြမ်းဖက်မှု | အသက် ၂၃-နှစ် အမျိုးသမီး | အသက် ၂၈-နှစ်ရှိ အမျိုးသားခင်ပွန်း | တိုင်ကြားခြင်းမရှိ |

# လိင်ပိုင်းဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု ကျူးလွန်ခံရသူများ အတွက် အရေးပေါ်အကူအညီများ ပေးခြင်း

ထောက်ပံ့ရေးပစ္စည်း သယ်ယူပို့ဆောင်ရေးကို ကန့်သတ်ဟန့်တားခြင်း၊ ကျန်းမာရေး ဝန်ထမ်းများအား အဓိက ဦးတည်ခြင်း အစရှိသည့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်၏ မဟာဗျူဟာနှင့် လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းတို့ကြောင့် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုနှင့် အိမ်တွင်း အကြမ်းဖက်မှု ကျူးလွန်ခံရသူများအတွက် အရေးပေါ်အကူအညီများနှင့် ပတ်သက်၍ အကန့်အသတ်များ ရှိနေဆဲ ဖြစ်ပါသည်။ ကျူးလွန်ခံရသူများအတွက် ဆေးဝါးပစ္စည်းများ၊ ငွေကြေးနှင့် အခြား ထောက်ပံ့ရေး အကူအညီများ အပြင် စိတ်ပိုင်းဆိုင်ရာ လူမှုအကူအညီ အချို့ အစရှိသည့် အရေးပေါ် အကူအညီများ ပေးအပ်ခြင်းကို စွမ်းအဖွဲ့က ဆက်လက်ဆောင်ရွက်နေပါသည်။ ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် အကောင်းဆုံး ကူညီပေးနိုင်ရန် အတွက် စွမ်းအဖွဲ့ အနေဖြင့် ဒေသတွင်း ချိတ်ဆက်ထားသည့် အဖွဲ့အစည်းများနှင့် လက်တွဲကာ အမြန်ဆုံး ဆောင်ရွက်သွားမည် ဖြစ်သည်။

## စွမ်းအဖွဲ့၏ တိုက်တွန်းအကြံပြုချက်များ

- ရှမ်းပြည်နယ် အတွင်းရှိ စစ်ဘေးရှောင်များနှင့် ၎င်းတို့အား လက်ခံစောင့်ရှောက်ပေးထားသည့် ရပ်ရွာများ အတွက် အကာအကွယ်ပေးရာတွင်လည်းကောင်း၊ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရာတွင်လည်းကောင်း နယ်စပ်ဖြတ်ကျော် ထောက်ပံ့ရေး ကွန်ရက်ကို အသုံးပြုရန် လက်နက်ကိုင်အဖွဲ့များ၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အစရှိသည့် သက်ဆိုင်သူ အားလုံးကို တိုက်တွန်းပါသည်။
- လိင်ပိုင်းဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှု ကျူးလွန်ခံရသူများအား အရေးပေါ် ထောက်ပံ့ရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဒေသန္တရ အမျိုးသမီးအဖွဲ့အစည်းများအား ဘဏ္ဍာရေးအကူအညီများ ပေးအပ်ရန် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများကို တိုက်တွန်းပါသည်။
- လက်နက်ကိုင်အဖွဲ့များ၏ အတင်းအကြပ် စစ်သားအဖြစ် စုဆောင်းခံရသည့်ဘေးမှ တိမ်းရှောင်လာကြသည့် လူငယ်များနှင့် ၎င်းတို့၏ မိသားစုများအား ထောက်ပံ့ကူညီပေးရန် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများနှင့် စစ်ဘေးရှောင်များအား လက်ခံစောင့်ရှောက်ပေးထားသည့် လူ့အဖွဲ့အစည်းများကို တိုက်တွန်းပါသည်။
- အမျိုးသမီးများ အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်နှင့်ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများ ကျူးလွန်ခံရသူများ အပေါ် ခွဲခြားဆက်ဆံခြင်း မပြုရန်၊ ကျူးလွန်ခံရသူများ အပေါ်သာ အပြစ်ပုံချခြင်းများ မပြုရန် ရပ်ရွာအကြီးအကဲများနှင့် ရပ်ရွာအတွင်း နေထိုင်ကြသူများအား တောင်းဆိုပါသည်။
- ဖြစ်စဉ်များတွင် ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုပေးသူများကို ထောက်ပံ့ခြင်းနှင့် အမျိုးသမီး အခွင့်အရေး ကာကွယ်ပေးနေသူများ အစရှိသည့် အရေးပေါ် အကူအညီများ ပေးနေသည့် ဒေသတွင်း အဖွဲ့အစည်းများကို ထောက်ပံ့ကူညီရန် အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို တောင်းဆိုပါသည်။

ဆက်သွယ်ရန်လိပ်စာ

Kenneri@shanwomen.org

@Shanwomen

www.shanwomen.org